# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 18 , 2022 Volume 57, Number 14


**၁၈.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃5.7 ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၉.၉၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မကွေးကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစဉ်းငုံနီနှင့် မတ်ပဲဈေးများ မြင့်တက်

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ် ဖြစ်လျှက်ရှိရာ တစ်ပတ်အတွင်း ကာလတူ (၁၀.၈.၂၀၂၂)ရက်နေ့ ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစဉ်းငုံနီနှင့် မတ်ပဲများ ဈေးမြင့်တက်ခဲ့ပါသည်။ ပဲတီစိမ်း (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင်(၄၄၅၀၀)ကျပ်၊ ယခုတစ်ပတ် (၄၅၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၅၀၀)ကျပ်၊ ကုလားပဲ (V2) (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင် (၅၃၅၀၀)ကျပ်၊ ယခုတစ်ပတ် (၅၈၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၄၅၀၀)ကျပ်၊ ကုလားပဲ (မြကြေး) (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင်(၅၃၀၀၀)ကျပ်၊ ယခုတစ်ပတ် (၅၅၀၀၀)ကျပ် ဈေးဖြစ်သည့် အတွက် (၂၀၀၀)ကျပ်၊ ကုလားပဲ (929) (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင် (၅၄၀၀၀)ကျပ်၊ ယခုတစ်ပတ် (၆၁၂၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၇၂၀၀)ကျပ်၊ ကုလားပဲ (HL) (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင်(၅၃၅၀၀)ကျပ်၊ ယခုတစ်ပတ် (၆၀၃၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၆၈၀၀)ကျပ်၊ ကုလားပဲ(သေး) (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင် (၅၀၀၀၀)ကျပ်၊ ယနေ့(၅၁၀၀၀)ကျပ် ဈေး ဖြစ်သည့်အတွက် (၁၀၀၀)ကျပ်၊ ပဲစဉ်းငုံးနီ(သစ်) (၂၀)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင် (၅၉၅၀၀)ကျပ်၊ ယနေ့ (၆၁၃၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၈၀၀)ကျပ်၊ မတ်ပဲ (၂၀)ပိဿာ (၁) တင်းလျှင် ယခင် တစ်ပတ်တွင်(၅၈၅၀၀)ကျပ်၊ ယနေ့ (၆၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၅၀၀)ကျပ်၊ အသီးသီး ဈေးသိသိ သာသာမြင့်တက်ခဲ့ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန

## လာမည့်ကြံရာသီကာလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၈၀၀၀၀ အထိ ဈေးဖွင့်ထား



https://news-eleven.com/article/235854

မကြာမီကျရောက်တော့မည့် ၂၀၂၂-၂၀၂၃ ကြံရာသီကာလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၈၀၀၀၀ သို့ ရောက်ရှိပြီဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်များက ၂၀၁၉ -၂၀၂၀ ကြံရာသီတွင် ကြံတစ်တန်ပေါက်ဈေးမှာ ငွေကျပ် ၄၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခင်က ကြံတစ်တန်ပေါက်ဈေး ကို ကြံရာသီစတင်မှသာ ဈေးသတ်မှတ်ကြပြီး ယခင်နှစ်က ကြံတစ်တန်လျှင် ငွေကျပ်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

၅၀၀၀၀ အထိ ဈေးမြင့်၍ဝယ်ယူမည်ဟု ကုမ္ပဏီများကကြိုတင်၍ ဈေးပြောထားရှိထားခဲ့ပြီး နောက်ဆုံး ကြံတစ်တန် ၆၅၀၀၀ အထိ တိုးမြှင့်ပေးခဲ့ကြကြောင်း၊ ယခုလာမည့် ကြံရာသီတွင် ကြံတစ်တန် ကျပ် ၈၀၀၀၀ အထိ ဈေးဖွင့်ထားပြီး နောက်လာမည့် ကြံရာသီ ၂၀၂၃ -၂၀၂၄ တွင် ကြံစိုက်ဧကအသစ်များကို တစ်ဧကလျှင်ကျပ် ၂၀၀၀၀၀ ထောက်ပံ့ပေးအပ်သွားမည်ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းဌေးကပြောကြားသည်။

"ငွေရည်ပုလဲ သကြားစက်ရုံကနေ လာမည့်ကြံရာသီ ၂၀၂၂ -၂၀၂၃ အတွက် ကြံဈေးကို ကြံတစ်တန်ကို ကျပ် ၈၀၀၀၀ သတ်မှတ်လိုက်တယ်။ စက်ရုံအရောက်ဈေး ဈေးစဖွင့်လိုက်တယ်။ တခြားသကြားစက်ရုံတွေ ကြံဈေးမပေးသေးဘူး။ နောက်ပိုင်းစက်ရုံတွေလည်း ကြံဈေးလိုက်ဖွင့်ကြမှာပါ။ သူက ဘာထူးခြားတာတခုရှိလည်းဆိုတော့ နောက်လာမည့် ကြံရာသီအတွက် ၂၀၂၃-၂၀၂၄ ကြံရာသီအတွက် ကြံစိုက်ပျိုးမည့် တောင်သူအတွက် တစ်ဧက ကျပ် ၂၀၀၀၀၀ ထောက်ပံ့ပေးအပ်မယ်တဲ့ စိုက်ပျိုးစရိတ်အဖြစ် ထောက်ပံ့ပေးမယ်။ အဲဒီကြံက ၂၀၂၃-၂၀၂၄ မှ စားရမှာပါ ။ သူက ၂၀၂၃-၂၀၂၄ ကြံရာသီအတွက် ကြံစိုက်တဲ့သူတွေကို ကြိုပေးတာပါ။ ကြံအသစ်စိုက်မည့်သူကို ငွေနှစ်သိန်းကြိုပေးမှာပါ။ စိုက်စရိတ်ကြိုထုတ်ပေးမှာပါ။ သူတို့က သကြားစက် အသစ်တစ်လုံး ထပ်တည်ဆောက်ထားလို့ ရှမ်းမြောက်မှာ စက်အသစ်တည်တာပါ။ ၂၀၂၁-၂၀၂၂ ကြံရာသီက သကြားအတွက်နှုန်းကနည်းခဲ့တယ်။ ပြည်တွင်းစားသုံးမှုအတွက်ရှိခဲ့တယ်။ သကြားတန် လေးသိန်းကျော်လောက် ထွက်ခဲ့တယ်။ ပြည်တွင်းစားသုံးမှုကများတော့ ဗီယက်နမ်နိုင်ငံကို တင်ပို့တာက တန်ချိန် သုံးသောင်းခွဲကနေ လေးသောင်းရှိမယ်ထင်တယ်။ ဒီနှစ် သကြားက ပြည်တွင်းမှာ တန်ချိန် ၄၅၀၀၀၀ ထွက်တယ်။ ပြည်တွင်းစားသုံးမှုအတွက် ပြည်ပကို သကြားတင်ပို့မှုလျှော့ချပြီးပို့လိုက်တယ်။ ကြံစိုက်ပျိုးထုတ်လုပ်မှုက လိုအပ်နေတာက သွင်းအားစုပါ။ ဒီဇယ်ဓာတ်မြေသြဇာကို သီးသန့်ပံ့ပိုးပေးနိုင်ရင် သကြားထုတ်လုပ်မှုက ဒီထက်ပိုလာနိုင်တယ် ပြည်တွင်း သကြားဈေးက လက်ရှိ ၂၁၃၀ ကနေ ၂၁၅၀ဈေးရှိ ပါတယ် " ဦးဝင်းဌေးကပြောကြားသည်။

ယခင်နှစ်ကြံစိုက်ရာသီတွင် တစ်နိုင်ငံလုံး၌ စိုက်ဧကစုစုပေါင်း ၄၃၈၄၂၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲထံမှသိရသည်။

**Source:** https://news-eleven.com/article/235854

## မကွေးကုန်စည်ဒိုင်တွင် တစ်ပါတ်အတွင်း နှမ်းနက်(စမုံ)၊ နှမ်းဖြူ၊ နှမ်းနီဈေးများ မြင့်တက်လျှက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူ (၁၀.၈.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက (၅.၈.၂၀၂၂)ရက်နေ့တွင် ဗဟိုဘဏ်မှသတ်မှတ်ပေးလိုက်သော ဒေါ်လာဈေး မြင့်တက်လာသည်နှင့်အညီ နှမ်းများလည်း တောင်သူများအကြိုက် ဈေးများမြင့်တက်လျှက်ရှိကြောင်း သိရှိရပါသည်။ နှမ်းနက်စမုံ(သစ်) (၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၅၁၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၇၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၉၀၀၀)ကျပ်၊ နှမ်းဖြူ(မကွေး)သစ် (၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၃၃၀၀၀)ကျပ်ဈေး၊ ယနေ့(၂၄၃၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၁၀၀၀၀) ကျပ်၊ နှမ်းနီ(၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၁၂၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၃၁၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၁၉၀၀၀)ကျပ်တို့ အသီးသီးမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်းသိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## တရုတ်နိုင်ငံ ပဲပုပ်အစာဈေးနှုန်း ဩဂုတ်လဆန်းပိုင်း၌ မြင့်တက်လာ



https://www.foodindustrydirectory.com.mm

unSirs ၏ စောင့်ကြည့်လေ့လာသည့် အချက်အလက်များအရ ဩဂုတ် ၄ ရက်မှစတင်၍ အမေရိကန်ပဲပုပ်အစာ Soybean meal ကို ပြည်ပဈေးကွက်များ ဝယ်လိုအားကြောင့် ပဲပုပ်အစာဈေး ပြန်လည်ကောင်းလာခဲ့သည်ဟု သိရပါသည်။

ဩဂုတ်လ (၄) ရက်နေ့တွင် ပဲပုပ်အစာ ပျမ်းမျှဈေးမှာ တစ်တန်လျှင် ၄,၂၀၂ ယွမ်ဖြစ်ခဲ့ပြီး၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တစ်တန်လျှင် ၄,၂၉၆ ယွမ်ဖြစ်ခဲ့ရာ ၂.၂၄ ရာခိုင်နှုန်း တိုးလာခဲ့သည်ကိုတွေ့ရပါသည်။ ဩဂုတ်လ ၄ ရက်နေ့မှစတင်၍

အမေရိကန်ပဲပုပ်များဘက်မှ လှုပ်ခတ်မှုကြောင့် ဈေးနှုန်းအထက်သို့ ပြန်လည်တက်လာခြင်း ဖြစ်ပါသည်။

အမေရိကန်မှ ပဲပုပ်တင်ပို့မှု မြင့်တက်နေသော်လည်း တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်မှာ ဝယ်လိုအားကောင်းသဖြင့် ဈေးကောင်းလာခြင်းဖြစ်ပါသည်။ အမေရိကန်ပဲပုပ်ဈေးကွက်မှာ ဈေးမြင့်တက်နေသည့် ကာလတွင်ရှိနေပြီး ပဲပုပ်ရာသီအလျောက် ဈေးကစားမှုများ ဆက်လက်ရှိနေသောကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းပဲပုပ်ဈေးနှုန်း ဆက်လက်မြင့်တက်နေနိုင်ဖွယ်ရှိကြောင်း SunSirs စိုက်ပျိုးရေးထုတ်ကုန် လေ့လာဆန်းစစ်သူက ခန့်မှန်းထားပါသည်။

**Source: SunSirs**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4840-china-soybean-meal-prices-rose-in-early-august.html

## စင်ကာပူ ဘန်ကာ လောင်စာဆီရောင်းချမှု ၇ လတာအတွင်း ဇူလိုင်လမှာအမြင့်ဆုံးဖြစ်

ကမ္ဘာ့အကြီးဆုံး ဘန်ကာအချက်အချာဖြစ်သည့် စင်ကာပူတွင် သင်္ဘောများထံ လောင်စာရောင်းချမှုသည် ဇူလိုင်လတွင် တန်ချိန် ၄.၁၂ သန်းအထိ ရောက်ရှိခဲ့ပါသည်။ ယခင်လထက် ၁၀ % မြင့်တက်ခဲ့ကြောင်း စင်ကာပူ ပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင် Maritime and Port Authority (MPA)မှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။ ဇူလိုင်လတွင် စင်ကာပူတွင် ဘန်ကာဝင်ယူသည့် သင်္ဘောစီးရေ ၃,၁၈၁ ရှိခဲ့သည်။ ယခင်လထက် ၈% ပိုများခဲ့သည်။ ဘန်ကော်လောင်စာဆီဈေးနှုန်းများသည် ဇွန်လနှင့်နှိုင်းယှဉ်ပါက ဇူလိုင်လတွင် ဈေးပိုသက်သာသည်။ ရေနံစိမ်းဈေးနှုန်းများ ကျဆင်းခြင်းကြောင့် သင်္ဘောသုံး လောင်စာဆီဈေးနှုန်းများလည်း ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဆာလဖာပါဝင်နှုန်းနည်းပါးသော လောင်စာဆီ low-sulphur fuel oil (LSFO) နှင့် ဆာလဖာပါဝင်နှုန်း မြင့်မားသော လောင်စာဆီ high-sulphur fuel oil (HSFO) အတန်းအစား ၂ မျိုးစလုံး ဇွန်လထက် ဇူလိုင်လတွင် ရောင်းအား ပိုကောင်းခဲ့သည်။ ဇူလိုင်လတွင် စင်ကာပူမှာ ဘန်ကာဝင်ယူသည့် သင်္ဘောစီးရေ ပိုများခဲ့ပါသည်။

လစဉ် 8% တက်လာသည့် ကတုတ်ကျင်းများအတွက် သင်္ဘောလာရောက်မှု မြင့်တက်လာချိန်တွင် မြင့်တက်လာခြင်းဖြစ်ပြီး၊ ဇူလိုင်လတွင် LSFO တန်ချိန် ၂.၅၁ သန်း ရောင်းချခဲ့သည်။ ဇွန်လထက် ၇% ပိုများသည်။ သို့သော် ၂၀၂၁ ဇူလိုင်လရောင်းအားထက် ၇% လျော့ကျသည်။

HSFO တန်ချိန် ၁.၂၇ သန်း ရောင်းချခဲ့သည်။ ဇွန်လထက် ၁၆% ပိုများသည်။ ယမန်နှစ် ဇူလိုင်လထက် ၂၀% ပိုများသည်။ ယခု ဩဂုတ်လတွင်လည်း စင်ကာပူတွင် ဘန်ကာဝင်ယူသည့် သင်္ဘောများ ဆက်လက်များပြားနေဆဲ ဖြစ်သည်။

**Source: Reuters**

https://www.logisticsguide.com.mm/en/industry-news/port-new/226484-singapore-bunker-fuel-sales-hit-seven-month-high.html

## အင်ဒိုနီးရှားမှ စားအုန်းဆီရောင်းလိုအား တိုးမြင့်မည့်အလားအလာကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း ကျဆင်းခဲ့



https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှားမှ စားအုန်းဆီရောင်းလိုအားကောင်းမည့် အလားအလာများကြောင့် ဩဂုတ်လ ၄ ရက် အစောပိုင်းကုန်သွယ်မှုတွင် မလေးရှားစားအုန်းဆီဈေးနှုန်းမှာ ၃ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

လာမည့် အောက်တိုဘာလအတွက် ကြိုပွဲဝင့် စားအုန်းဆီအရောင်းအဝယ်စာချုပ် စတင်ချိန်၌ Bursa Malaysia ကုန်စည်ဒိုင်တွင် ၇၆ ရင်းဂစ် သို့မဟုတ် ၁.၉၇ % ကျဆင်းသွားပြီး တစ်တန်လျှင် ၃,၇၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၀.၄၇) သို့ ကျဆင်းသွားပါသည်။ နေ့လယ်ပိုင်း၌ ကြိုရောင်းကြိုဝယ်စာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် ၃,၈၀၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၅.၁၂) ဖြစ်ခဲ့ပါသည်။

**ယူကရိန်း နေကြာဆီ**

ယူကရိန်းဆိပ်ကမ်းများမှ ပို့ကုန်တင်ပို့မှုများ ပြန်လည်စတင်နေပြီဖြစ်ရာ ကမ္ဘာ့နေကြာဆီထုတ်လုပ်မှု၏ ၆၀ % ခန့် ထုတ်လုပ်ပြီး၊ ထုတ်လုပ်မှု၏ ၇၆ % ကို တင်ပို့သည့် ပင်လယ်နက်ဒေသဘက်မှ နေကြာဆီများ ကမ္ဘာ့ဈေးကွက်ထဲ ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်ချက်များရှိလာပါသည်။

**အပြိုင်အဆိုင်**

အင်ဒိုနီးရှားအစိုးရက စားအုန်းဆီအပေါ် ပို့ကုန်ခွန်လျှော့ချပေးခြင်းနှင့် စားအုန်းဆီတင်ပို့မှုမြင့်မားခြင်းတို့ကြောင့် အင်ဒိုနီးရှားစားအုန်းဆီနှင့်မလေးရှားစားအုန်းဆီတို့အကြား ပြိုင်ဆိုင်မှုဖြစ်ပေါ်နေစေပြီး စားအုန်းဆီဈေးကျလာသဖြင့် စားသုံးသူများအတွက် ကုန်ကျစရိတ် ပိုမိုသက်သာလာစေပါသည်။

**ထုတ်လုပ်မှုများ လျော့နည်းခဲ့**

၂၀၂၁-၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ ပြတ်တောက်မှုများကြောင့် စားအုန်းဆီထုတ်လုပ်မှု ခန့်မှန်းခြေတန်ချိန် ၄၆.၇ သန်းအထိကျဆင်းခဲ့ကာ၊ ယခင်နှစ်ကထက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မလေးရှားတွင်လည်း မျှော်လင့်ထားသည်ထက် ရှည်လျားသော အလုပ်သမားမလုံလောက်သည့် ပြဿနာများကြောင့် စားအုန်းဆီထုတ်လုပ်မှု ၂၀၂၁-၂၂ ရာသီတွင် တန်ချိန် ၁၈ သန်းအထိလျော့နည်းခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁.၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟုသိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်သိုလှောင်မှုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်တွင် လစဉ် ၉.၈ ရာခိုင်နှုန်း တိုးလာဖွယ်ရှိပြီး၊ အဓိကအားဖြင့် ထုတ်လုပ်မှုတိုးလာခြင်းကြောင့် တန်ချိန် ၁.၈၂ သန်းအထိ တိုးလာဖွယ်ရှိသည်။

၂၀၂၁-၂၂ တွင် ကမ္ဘာ့စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၄၄.၉ သန်းအထိ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပြီး၊ ယခုနှစ် ဇူလိုင်လအတွင်း တင်သွင်းမှုမှတန်ချိန် ၄၅ သန်းမှ ၁ % အောက်ကျဆင်းခဲ့ကာ၊ ယခင်နှစ်ထက် ၅.၇ % ကျဆင်းခဲ့ပါသည်။ စားအုန်းဆီဈေးမှာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် ဈေးကွက်ဝေစုလွှမ်းမိုးမှုရှိသောကြောင့် ဩဂုတ်လအတွင်း Dalian စတော့အိတ်ချိန်း တွင် ပဲပုပ်ဆီဈေး ၃.၃ % နှင့် စားအုန်းဆီဈေး ၄.၁ % ကျဆင်းခဲ့ပြီး၊ Chicago Mercantile Exchange တွင် ပဲပုပ်ဆီဈေး ၁.၂ % ကျဆင်းခဲ့ပါသည်။

Source: Vinanet/VITIC/Reuters

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4846-world-palm-oil-prices-fell-due-to-the-prospect-of-increased-palm-oil-supply-from-indonesia.html

## STOCK EXCHANGE (18.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 363 | 2,541,000 | 33,109,694 | 231,768 |
| MTSH | 00002 | 2,500 | +50 | +2.04% | 2,450 | 2,500 | 2,450 | 2,010 | 4,925,500 | 38,929,150 | 97,323 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 2 | 13,800 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 148 | 2,590,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 1,422 | 3,270,600 | 12,823,224 | 29,493 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 6 | 15,000 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 2 | 10,000 | 10,497,598 | 52,488 |


## Market summary

As of 18th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 331.13 | +2.29 | +0.70% | 328.84 | 331.13 | 328.84 | 3,953 | 13,365,900 | 7 | 576,043 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 18th Aug. 2022

| MYANPIX | 331.13 ▲ 2.29 |
|---|---|
| Total Volume (shares) | 3,953 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 576,043 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 0 |
| MTSH | 00002 | 2,500 | ▲ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,300 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 100 |